# ဓမ္မခန္ဓာ (၁၀၆) ကိုရိုက်ချ် လူမျိုး (အလ်–ကိုရိုက်ချ်)

ဥဂါက်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၉)၊ သုတ်ဒေသနာ (၄)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **لِإِيلَافِ قُرَيْشٍ**۞<br>ကိုရိုက်ချ်တို့၏ စောင့်ထိန်းရိုးရာများ–[၁၂၀၅] |
| ၂။ | **إِيلَافِهِمْ رِحْلَةَ الشِّتَاءِ وَالصَّيْفِ**۞<br>ဆောင်းရာသီ နွေရာသီတွင်း ခရီးသွားလာသော သူတို့၏ ရိုးရာများ– |
| ၃။ | **فَلْيَعْبُدُوا رَبَّ هَذَا الْبَيْتِ**۞<br>သို့ဖြင့် သူတို့သည် ဤ ဝတ်ကျောင်းတော်၏ ကံကြမ္မာရှင်အား ကိုးကွယ်ခဲ့မှုကြောင့်– |
| ၄။ | **الَّذِي أَطْعَمَهُم مِّن جُوعٍ وَآمَنَهُم مِّنْ خَوْفٍ**۞<br>အရှင်သည် သူတို့အား ငတ်မွတ်ရခြင်းမှ ကျွေးမွေးထား၏၊ ပူးဆွေးကြောက်ရွံ့ရခြင်းမှ ဘေးကင်းလုံခြုံမှုပေးထား၏။[၁၂၀၆] |

---

**(၁၂၀၅) ကိုရိုက်ချ်** ဆိုသည်မှာ **နီဒါ အိဗ္ဗနိ ကနန်နာ**၏ မျိုးဆက်မှ ဆင်းသက်လာသော အာရဗ် လူမျိုးနွယ်စု၏ အမည် ဖြစ်၍– မက္ကာဟ်မြို့ ဝန်းကျင်တွင် အခြေချနေထိုင်သော လူမျိုးစု ဖြစ်သည်။ **ကိုရိုက်ချ်**သော ဆိုသော စကားလုံးမှာ အခြားသတ္တဝါများအား စားသုံး၍ မိမိကိုယ်မိမိ ပြန်မစားတတ်သော ပင်လယ်ထဲမှ သတ္တဝါကြီး၏ အမည် **ကရာ့ချ်** မှ ဆင့်ပွားလာခြင်း ဖြစ်၍– အချို့ဆရာတော်များက **ဝေလငါး** ဟု အနက်ရကြောင်း ပြန်ဆိုကြပေသည်။ သူတို့သည် ဆောင်းရာသီ နွေရာသီများတွင် ကုန်ကူးသန်းရောင်းဝယ်ရန် ဓလေ့ရှိကြောင်း ဆက်လက်ပါသုတ်တော်တွင် ဖေါ်ပြထားသည်။ သို့သော် ကျမ်းမြတ်ကုရ်အံသည် လူမျိုးတစ်မျိုး၏ အကြောင်းကို မှတ်တမ်းတင် ဖေါ်ပြခြင်း မဟုတ်ချေ။ သူတို့သည် ခရီးသွားလာ ကျက်စားနေသော်လည်း လူသားတို့အတွက် ဘေးမဲ့ရာမြေဟု သတ်မှတ်ထားသော ဝတ်ကျောင်းတော်အား ကာကွယ်စောင့်ရှောက်ပေးထာခြင်း–၏ အကျိုးကို ခံစားခွင့်ရှိကြောင်း ဖေါ်ပြထားပေသည်။ လူမျိုးတစ်မျိုးသည် ဘာသာ သာသနာ မထွန်းကားသေးသော်လည်း ဘေးမဲ့–ဘေးကင်းရာ မြေဟူ၍ ငြိမ်းချမ်းရေး၏ အတိတ်ဆောင် နယ်မြေအား အစဉ်အလာ ထိန်သိမ်းထားတတ်သည်ကို အတုယူနိုင်ရန် ဖြစ်ပေသည်။– ထိုစဉ်က အာရဗ်တို့သည် တိုင်းရင်းသား အချင်းချင်း စစ်ခင်းလျှက် အဆုံးမသတ်နိုင်သော ပြည်တွင်းစစ်ကြီး အတွင်းတွင် ရှိခဲ့သည်။ သို့သော် ကာအ်ဘာကျောင်းတော်သို့ စုပေါင်းရောက်ရှိချိန်– ဟာ့ဂျ်ရာသီတွင် ထိုသို့ လာနေသော ခရီးသည်များအား တိုက်ခိုက်ခြင်းကို သော်လည်းကောင်း၊ ကာအ်ဘာ ပရဝုဏ်တွင် တိုက်ခိုက်ကြခြင်းကို သော်လည်းကောင်း ပိတ်ပင်ထားပေသည်။ ရန်သူ ဖြစ်လင့်ကစား ကာအ်ကျောင်းတော် ပတ်ဝန်းကျင်တွင် အချင်းချင်း စစ်တိုက်သတ်ဖြတ်ခွင့် မရှိခဲ့ချေ။—၎င်းသည်ပင် နောင်ပေါ်ထွန်းလာမည့် ငြိမ်းချမ်းရေး၏ နိမိတ်ပင် ဖြစ်တော့သည်။

**(၁၂၀၆)** ကိုရိုက်ချ်တို့သည် ရိုးရာ နတ်ကိုးကွယ်မှု၊ လူပုဂ္ဂိုလ် ကိုးကွယ်မှုများ ရှိခဲ့သော်လည်း– ထိုကိုးကွယ်မှုများနှင့် မရောမယှက်ဘဲ ယုံကြည်မှုတစ်ခုရှိသည်မှာ ဤဘေးမဲ့ကျောင်းတော်၏ အရှင်သခင်မှာ ပရမတ်ဘုရားရှင် ဖြစ်၍– အလွန်တန်ခိုးကြီးသည်ဟူသော ရိုးရာပင် ဖြစ်သည်၊ (သုတ်တော် ၃)။ ထို့ပြင် ဘေးမဲ့ကျောင်းတော်ကိုလည်း ပရမတ်ဘုရားရှင်၏ အိမ်တော်ဟု သတ်မှတ်လျှက် ကာကွယ်စောင့်ရှောက်ထားမှုများ ရှိခဲ့သည်– ထိုဘေးမဲ့ကျောင်းတော်တွင် ဟာ့ဂျ်ခေါ် ကံဆောင်ပရိဝုဓ်ပြုရန် လာသူများ– ထိုဟာ့ဂျ်ရာသီ၌ အနယ်နယ်အရပ်ရပ်မှ ကုန်ကူးရန် လာသူများကြောင့် ထိုကျောင်းတော်အား စောင့်ရှောက်ထားသည် ကိုရိုက်ချ်တို့အတွက် စီးပွားဖြစ်ခဲ့သည်– စားရေရိက္ခာရရှိခဲ့ခြင်း ဖြစ်ပေသည်။ ထိုအချက်ကို ဤ သုတ်တော်က ငတ်မွတ်ရခြင်းမှ (ကင်းစေရန်) ကျေးမွေးထား၏– ဟူသော စကားဖြင့် ဖေါ်ပြထားပေသည်။